၂၀၀၇ ခုနှစ်က နိုင်ငံတော်မှ ကော်ဖီစိုက်ခင်းစီမံကိန်း အကြောင်းပြကာ သိမ်းယူခဲ့သော ရှမ်းပြည်နယ် နောင်ချိုမြို့နယ် သရက်ကုန်းအုပ်စု မန်နားရွာ သရက်ကုန်းရွာနှင့် ငါးပင်ရွာတို့မှ တောင်သူလယ်သမားများ၏ မြေဧက (၁၂၀၀) သိမ်းယူခဲ့ပြီးယခုအခါ (၁၉၇.၅)ဧက သာ စိုက်ပျိုးသောကြောင့် ကျန်ရှိသော မြေများကို တောင်သူများအပြန်လည်ပေးရန်တောင်းဆိုခြင်း၊

၂၀၁၂ခုနှစ်လယ်ယာမြေဥပဒေတွင် အသိမ်းဆည်းခံလယ်ယာမြေနှင့် အခြားမြေများ ပြန်လည် တောင်းဆိုနိုင်သည်ဟု သမ္မတကြီးမှ လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သော်လည်း အဆိုပါတောင်သူ လယ်သမားများအတွက် ပြောင်းလဲသွားခြင်းမရှိခဲ့ပေ။ နိုင်ငံတော်သမ္မတ၏ အစီရင်ခံစာ အပိုင်း (၁)၊ (၂)၊(၃)၊ပါ အမှုတွဲတွင် မိုးသီးနှံစိုက်ပျိုးမြေကို ၂၀၀၃ခုနှစ် ၊ဇွန်လ ကုန်မတိုင်မီနှင့် ဆောင်းသီးနှံစက်တင်ဘာကုန်မကုန်မီ စောလျှင်စွာ စီစဉ်ပေးရာတွင် လည်း လယ်ယာနှင့် ဆည်မြောင်းဝန်ကြီး၊ ဦးမြင့်လှိုင်၏ တောင်သူအမှန်တကယ် စိုက်ပျိုးသော မြေ(ပုံစံ-၇) များ ထုတ်ပေးရန် အမိန့်ကြော်ငြာစာညွှန်ကြားခဲ့သော်လည်း ယနေ့အထိ တောင်သူများအတွက် အဆင်ပြေခြင်းမရှိပေ။